ဂျွန် ဒူဝီ (၁၈၅၉-၁၉၅၂)

အခြေခံပညာက ပညာရေးအသစ်နဲ့ ပညာရေးအဟောင်းကြား အငြင်းပွားမှုမဟုတ်သလို တိုးတက်ပြောင်းလဲလာတဲ့ ပညာရေးနဲ့ ရှေးရိုးစဉ်လာပညာရေးဆိုတဲ့ကိစ္စလည်း မဟုတ်ပါဘူး။ ပညာရေးလို့ အမည်နာမ မတပ်ရလောက်တဲ့အရာဟာ (တစ်ကယ်ပဲ ရှိခဲ့တယ်ဆိုရင်) ဘာပါလဲဆိုတဲ့ မေးခွန်းသာဖြစ်ပါတယ်။

မာရီယာ မွန်တက်ဆိုရီ (၁၈၇၀-၁၉၅၂)

ဆရာဆိုတာ အနားရှိတယ်လို့ မထင်ရအောင် ကလေးတွေဟာ သူတို့ဘာသာသူတို့ လုပ်ကိုင်သင်ယူနေကြတယ်လို့ ပြောနိုင်တာဟာ ဆရာတစ်ယောက်ရဲ့အောင်မြင်မှုကိုပြတဲ့ အထင်ရှားဆုံး သင်္ကေတပါပဲ။

အဲရစ်ခ် အဲရစ်ခ်ဆန် (၁၉၀၂-၁၉၉၄)

ကလေးတိုင်းအဖို့ ဘဝရဲ့အရွယ်အဆင့်တိုင်းမှာ အားမာန်ပြည့်ဝတဲ့ ဖော်ထုတ်ပြသမှုနဲ့ဆိုင်တဲ့ အံ့သြဖွယ်ရာ အသစ်တစ်ခုစီ ရှိပါတယ်။ အဲဒီအထဲမှာ လူတိုင်းအတွက် မျှော်လင့်ချက်အသစ်တွေ ပါဝင်နေသလို တာဝန်အသစ်တွေကိုလည်း ဖြစ်စေပါတယ်။

ဂျီးန် ပီယာဂျေး (၁၈၆၉-၁၉၈၀)

ဆရာဟာ သူ့ရဲ့ဘာသာရပ်နယ်ပယ်ကို သိရုံတင်မကဘဲ ကလေးတွေနဲ့ လူငယ်လူရွယ်တွေရဲ့စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု အသေးစိတ်ကို နှံ့စပ်နေဖို့ လိုပါတယ်။

လက်ဗ် ဗိုင်ဂေါ့စကီး (၁၈၉၆-၁၉၃၄)

သင်ယူမှုနဲ့ ဖွံ့ဖြိုးမှုတို့ဟာ ကလေးရဲ့ဘဝအစ ပထမဆုံးနေ့ကတည်းက အပြန်အလှန် ဆက်နွှယ် တည်ရှိနေပါတယ်။

ဦးဝင်းအောင်
(ဒေါက်တာဝင်းအောင်)

၁၉၅၂ ခုနှစ်တွင် မွေးဖွားသည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန် ပညာရေးတက္ကသိုလ်မှ ပညာရေးဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၇၅ ခုနှစ်မှ စတင်ကာ အထက်တန်းပြဆရာ၊ အလယ်တန်းကျောင်းအုပ် (ကျောင်းတာဝန်ခံ)၊ ဆရာအတတ်သင်ကျောင်း လက်ထောက်ကထိက စသောတာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၃ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ရှီဇူအိုကာတက္ကသိုလ်မှ ဘာသာဗေဒ ဒီပလိုမာနှင့် ၁၉၈၇ ခုနှစ်တွင် နိုင်ငံခြားဘာသာသိပ္ပံမှ အင်္ဂလိပ်စာ ဒီပလိုမာတို့ ရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတွင် အထွေထွေ လက်ထောက်အဖြစ်လည်းကောင်း၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့တွင် ပညာရေးအကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

၁၉၉၇ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ပစိဖိတ်အနောက်ပိုင်း(အဝေးသင်) တက္ကသိုလ်မှ မဟာဝိဇ္ဇာ(ပညာရေး)ဘွဲ့ ရရှိခဲ့သည်။ ၁၉၉၇-၉၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ ဟယူးဘတ် အိပ်ချ် ဟမ်ဖရီပညာရှင်အဖွဲ့ အစီအစဉ်ဖြင့် ပင်ဆယ်ဗေးနီးယားပြည်နယ်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ပညာရေးနှင့် ကလေးသူငယ်ဖွံ့ဖြိုးမှုဌာနတွင် စီမံကိန်းအရာရှိ၊ ပညာရေးလုပ်ငန်း ကျွမ်းကျင်သူ စသည့်တာဝန်များ ထမ်းဆောင်ခဲ့သည်။ ဩစတြေးလျနိုင်ငံ၊ ကွင်းစလန်တောင်ပိုင်းတက္ကသိုလ် ပညာရေး မဟာဌာန ဦးဆောင်မှု သုတေသန သိပ္ပံ၏ အစီအစဉ်ဖြင့် ပညာရေး ပါရဂူဘွဲ့အစီအစဉ်ကို တက်ရောက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပညာရေးပါရဂူဘွဲ့ ရရှိခဲ့သည်။

ယခုအခါ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ အငြိမ်းစားယူပြီး ပညာရေးလုပ်ငန်းများအတွက် ပြင်ပအကြံပေးအဖြစ် ဆောင်ရွက်ရင်း အခါအားလျော်စွာ ပညာရေးဆိုင်ရာ ဆောင်းပါးများ ရေးသားလျက်ရှိသည်။

မာတိကာ

စာဖတ်သူ၏အမြင် (၁)
(ဒေါက်တာတင်မောင်ဝင်း)
စာဖတ်သူ၏အမြင် (၂)
(ဦးထွန်းဦးကျော်)
ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာစာ က
ကျေးဇူးစကား ခ
အမှာစာ ဂ
နိဒါန်း ဃ
ဤစာအုပ်နှင့်ပတ်သက်၍. . . င

အခန်း-၁။ ဂျွန်ဒူဝီ ၁
- ❖ အတ္ထုပ္ပတ္တိ ၂
- ❖ ဒူဝီ၏သဘောတရားများ ၇
- ❖ ဆရာ၏အခန်းကဏ္ဍ ၁၀
- - ရည်ရွယ်ချက်ပြည့်ဝခိုင်မာသော သင်ရိုးညွှန်းတမ်းကိုစီစဉ်ပါ
- - ကလေးများအတွက် ကမ္ဘာကြီးကို အဓိပ္ပာယ်ရှိအောင် လုပ်ပါ
- ❖ ပညာရေးနှင့်လွဲမှားသော ပညာရေး ၂၀
- - ပျော်စရာကောင်းတာပဲနှင့် မလုံလောက်
- - မှတ်တမ်းတင်ရန်နှင့် စုစည်းဆောင်ရွက်ရန် အားထုတ်ပါ

အခန်း-၂။မာရီယာမွန်တက်ဆိုရီ ၃၁
- ❖ အတ္ထုပ္ပတ္တိ ၃၂
- ❖ မွန်တက်ဆိုရီ၏ သဘောတရားများ ၃၅
- ❖ ကလေးဗဟိုပြုပတ်ဝန်းကျင် ၃၆
- - သုံး၍ရသော ကိရိယာတန်ဆာပလာအစစ်များကို ပေးပါ
- - အသုံးအဆောင်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများကို ကလေးလက်လှမ်းမီသော နေရာတွင်ထားပါ
- - အလှအပနှင့်စည်းစနစ်ကျနမှုကို ဖန်တီးပါ
- ❖ စွမ်းရည်နှင့်တာဝန် ၄၃
- - ကလေးများအား တာဝန်ယူခွင့်ပြုပါ
- - လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သည့် အချိန်များများ စီစဉ်ထားပါ
- ❖ ကြည့်ရှုလေ့လာခြင်း ၅၀
- - ကလေးများကို ကြည့်ရှုလေ့လာပါ

အခန်း-၃။ အဲရစ်အဲရစ်ခ်ဆန် ၅၅
- ❖ အတ္ထုပ္ပတ္တိ ၅၆
- ❖ အဲရစ်ဆန်၏ သဘောတရားများ ၅၇
- ❖ ယုံကြည်မှုနှင့် မယုံကြည်မှု ၆၀
- - ကျွေးမွေးနေစဉ်အတွင်း ကလေးငယ်ကို ပွေ့ချီထားပါ
- - ကလေး၏စိတ်ဒုက္ခကို တုံ့ပြန်ဖြေရှင်းပေးပါ
- - အခြေခံပြုစုစောင့်ရှောက်မှုပေးခြင်းဖြင့် တွယ်တာမှုသံယောဇဉ်ကို ပျိုးထောင်ပေးပါ
- ❖ ကိုယ်ပိုင်လွတ်လပ်ခွင့် သို့မဟုတ် အရှက်နှင့်သံသယ ၆၉
- ❖ ကလေးများအား ရိုးစင်းလွယ်ကူသော ရွေးချယ်စရာလမ်းများဖွင့်ပေးပါ ၇၃
- - မှားယွင်းသော ရွေးချယ်စရာလမ်းများကို ဖယ်ထုတ်ပါ
- ❖ ရှင်းလင်းသော ကန့်သတ်ချက်များချမှတ်ပါ ၇၆
- - မှီခိုခြင်းနှင့် အမှီခိုကင်းစွာ လုပ်ဆောင်ခြင်းတို့ တစ်လှည့်စီ လိုအပ်နေမှုကို လက်ခံပါ
- ❖ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်စွမ်း သို့မဟုတ် အပြစ်ရှိသည်ဟု ယူသော စိတ် ၇၈
- - လွတ်လပ်စွာ လုပ်ဆောင်မှုကို အားပေးပါ
- - အောင်မြင်မှုများအပေါ် အာရုံစိုက်ပါ အမှားကို အာရုံမစိုက်ပါနှင့်
- - တစ်ဦးချင်းစီ၏ မတူညီကွဲပြားမှုများကို ထည့်သွင်းစဉ်းစားပါ
- - တကယ့်အရာများအပေါ်တွင် သင်ရိုးညွှန်းတမ်းကို အာရုံစိုက်ပါ

အခန်း-၄။ ဂျီးန်ပီယာဂျေး ၈၇
- ❖ အတ္ထုပ္ပတ္တိ ၈၈
- ❖ ပီယာဂျေး၏ သဘောတရားများ ၉၁
- ❖ အာရုံသိလှုပ်ရှားမှုအဆင့် ၉၆
- - ကလေးငယ်များကို လုံခြုံစိတ်ချရပြီး စိတ်ဝင်စားဖွယ်ကောင်းသော နေရာတွင် ထားပါ
- - ခွဲခွာရခြင်းကြောင့်ဖြစ်သည့် စိုးရိမ်ကြောင့်ကျမှု ပပျောက်စေရန် တုံ့ပြန်ပါ
- ❖ လှုပ်ရှားလုပ်ဆောင်မှုအကြိုအဆင့် ၁၀၂
- - လွတ်လပ်စွာ ကစားရန် အချိန်များများပေးပါ
- - တကယ့်ကမ္ဘာနှင့်ဆိုင်သော အတွေ့အကြုံများပေးပါ
- - အကျယ်ဖွင့်လုပ်ငန်းများပေးပါ
- - အကျယ်ဖွင့်မေးခွန်းများပေးပါ
- ❖ ခိုင်မာသော လှုပ်ရှားလုပ်ဆောင်မှုနှင့် ပုံစံကျလှုပ်ရှားလုပ်ဆောင်မှု ၁၁၄

အခန်း-၅။ လက်ဗ်ဗိုင်ဂေါ့စကီး ၁၁၇
- ❖ အတ္ထုပ္ပတ္တိ ၁၁၈
- ❖ ဗိုင်ဂေါ့စကီး၏ သဘောတရားများ ၁၂၀
- ❖ အနီးကပ်ဆုံးဖွံ့ဖြိုးမှုဇုန်နယ် (ZPD) ၁၂၂
- - ကလေးများကို အနီးကပ်ကြည့်ရှုလေ့လာပြီး သင်ရိုးညွှန်းတမ်းကို လိုက်လျောညီထွေစွာ စီစဉ်ပါ
- ❖ ကလေးများ၏ကျွမ်းကျင်လိမ္မာမှုတို့ကို ဆန့်ထုတ်ပေးမည့် အားထုတ်ရန် လိုအပ်သည့် သင်ရိုးညွှန်းတမ်းကို ပြင်ဆင်ရေးဆွဲပါ ၁၂၄
- ❖ ဘာသာစကားဖွံ့ဖြိုးမှုနှင့် သင်ယူမှု ၁၃၀
- - စကားပြောခြင်းကို အားပေးပါ
- ❖ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြုမှုပြောဆိုဆက်ဆံမှု ၁၃၂
- - ကလေးများအတူတကွ အလုပ်လုပ်နိုင်ရန် အခွင့်အလမ်းများပေးပါ

အင်္ဂျွန်းကြေညာချက် ၁၃၇

စာဖတ်သူ၏အမြင် (၁)

ဆရာ ဒေါက်တာဝင်းအောင်က မူရင်းစာရေးသူ Carol Garhart Mooney ရဲ့ Theories of Childhood စာအုပ်ကို မြန်မာနိုင်ငံမှာရှိတဲ့ ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းဆောင်ရွက်မှုတွေအတွက် မူဝါဒရေးဆွဲသူတွေ၊ စီမံကိန်းရေးဆွဲသူတွေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကောင်အထည်ဖော်ဆောင်ရွက်သူတွေ၊ ကြီးကြပ်ကွပ်ကဲပံ့ပိုးပေးသူတွေနဲ့ လေ့လာဆန်းစစ်အကြံဉာဏ်ပေးသူတွေ စတဲ့ ဆက်နွှယ်ပတ်သက်သူများအားလုံးအား အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ပြီး ကမ္ဘာကျော်ကလေးချစ်သူ ပညာရှင်ငါးဦးတို့ရဲ့ အတ္ထုပ္ပတ္တိအကျဉ်းများနဲ့ အမြဲခေတ်မီနေသော ကလေးသူငယ်များပြုစုပျိုးထောင်ရေးဆိုင်ရာ တန်ဖိုးအလွန်ကြီးမားလှတဲ့ သဘောတရားအယူအဆများ၊ သဘောတရားနဲ့ လက်တွေ့ထိရောက်စွာ ပေါင်းစပ်ယှဉ်မှုမက ကလေးရဲ့ တောက်ပတဲ့အနာဂတ်ကိုပါ လမ်းညွှန်အကြံပေးမှုတွေ ပေါင်းစပ်ထားတဲ့ ဥပမာ၊ ဥပမေယျများကို မြန်မာမျက်စိ၊ မြန်မာနား၊ မြန်မာနှလုံးသား၊ မြန်မာ့ဝန်းကျင်နဲ့ အနီးစပ်ဆုံး အသုံးတည့်စေဖို့ 'ပန်းပျိုးလက်ငါးသွယ်' ဆိုပြီး ထုံမွှန်းဘာသာပြန်ဆိုတင်ပြထားပါတယ်။

ပညာသင်ယူခြင်းဆိုတာ လူတိုင်းနဲ့ ကင်းလို့မရတဲ့ တစ်သက်တာလုံး ဆောင်ရွက်နေရမယ့်ဖြစ်စဉ်ဖြစ်လို့ ကလေးတိုင်း သင့်လျော်မှန်ကန်ပြီး အကျိုးဖြစ်ထွန်းမှုကို သေချာစေမယ့် သင်ယူမှုကောင်းနဲ့ ထိတွေ့လက်ခံရရှိနိုင်စေဖို့ တစ်နည်းအားဖြင့် အရည်အသွေးရှိတဲ့ ပညာရေးကို မဖြစ်မနေရရှိနိုင်စေဖို့ သင်ကြားသင်ယူမှုဖြစ်စဉ်မှာ ဆရာ၊ ဆရာမတို့ရဲ့ အရည်အသွေးရော အရည်အချင်းပါ အခရာအကျဆုံးဖြစ်ကြောင်းကိုလည်း မီးမောင်းထိုးပြထားပါတယ်။ ရှေးဦးကလေးသူငယ်ပြုစုရေးမှာ အခရာကျတဲ့ ဆရာ၊ ဆရာမတို့ရဲ့ မရှိမဖြစ်အဓိကလိုအပ်ချက်ကတော့ 'ကလေးကို ချစ်တတ်ခြင်း' ပဲဖြစ်ပါတယ်။ ကလေးကို မှန်ကန်စွာချစ်မှသာ ကလေးအကြောင်းကို ဦးစွာသိအောင် လုပ်ပြီး အကျိုးကို ရှေးရှုဖြည့်ဆည်းပေးတဲ့အခါမှာတော့ အတိတ်ကိုသိ၊ ပစ္စုပ္ပန်မှာ ညီပြီး အနာဂတ်ကို မျှော်ကြည့်ညွှန်ပြပေးရသူများဖြစ်ကြောင်းကိုလည်း နှိုးဆွတွန်းအားပေးထားပါတယ်။

သဘောတရားမပါတဲ့ လက်တွေ့လုပ်ငန်းတွေဟာ မျက်မမြင်တစ်ယောက် အမှောင်ထဲမှာ လမ်းလျှောက်သလိုဖြစ်ပြီး လူ့အဖွဲ့အစည်းအတွက် အလွန်အန္တရာယ်ကြီးမားတဲ့အကြောင်း၊ အတွေးဒဿန Philosophy ကို အခြေပြုပြီး မူဝါဒကို ချမှတ်၊ မူဝါဒအရ စီမံကိန်း Planning ကို ရေးဆွဲ၊ စီမံကိန်းအရ လုပ်ငန်းအစီအစဉ် Programme ကို သတ်မှတ်၊ လုပ်ငန်းအစီအစဉ်တိုင်းအတွက် လုပ်ငန်းစီမံချက် Project တွေချမှတ်၊ လုပ်ငန်းစီမံချက်တစ်ခုချင်းစီအပေါ် လုပ်ငန်းစဉ် Procedure တွေ ညှိနှိုင်း၊ ပြီးမှ လုပ်ငန်းစဉ်အတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှု Practical Implementation လုပ်ဖို့ သွယ်ဝိုက်တိုက်တွန်းထားတာကိုလည်း ပညာရေးအတွေ့အကြုံရှိသူတို့ ဒီစာအုပ်မှာ ထင်ရှားစွာ တွေ့ရှိရမှာဖြစ်ပါတယ်။

လူသားကောင်းတွေဖြစ်လာစေဖို့ ကလေးသူငယ်ဘဝက အစပြုပြီး မှန်ကန်စွာ ပြုစုပျိုးထောင်ပေးရမှာဖြစ်ကြောင်း၊ အနှောင်းသေချာစေဖို့ အစကတည်းက အတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပေးဖို့လိုအပ်ကြောင်း၊ ကလေးတစ်ဦးစီရဲ့ အာရုံငါးပါးကို ကိုယ်တိုင်အသုံးပြုသင်ယူခွင့်ရရှိပြီး ဆန်းသစ်ဖန်တီးနိုင်တဲ့ အခွင့်အလမ်းတွေ ဖွင့်ပေးဖို့ လိုအပ်ကြောင်း တင်ပြထားတဲ့အတွက် 'အော်နေတာတော့ အတော်ကြာ မြန်မာမှာ ရေရာစွာ ပေါ်မလာသေး' တဲ့ ကလေးဗဟိုပြုချဉ်းကပ်နည်းတွေ ဝေဝေဆာဆာသုံးခြင်းဖြင့် ၂၁ ရာစုရဲ့ ကျွမ်းကျင်မှုတွေ ရသွားနိုင်စေတဲ့ အခွင့်အလမ်းများကို ပိုမိုသေချာစေမှာဖြစ်ပါတယ်။

သာမန်အားဖြင့်ကြည့်မယ်ဆိုရင်တော့ ကလေးပြုစုပျိုးထောင်ရေးနဲ့ ပတ်သက်တဲ့ သဘောတရား၊ အယူအဆဆိုင်ရာ စာပေအကြောင်းအရာတွေဟာ မြန်မာနိုင်ငံရှိ ဆရာအတတ်ပညာသင်ဌာနများဖြစ်တဲ့ ပညာရေးတက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များနဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အစရှိတဲ့ နေရာများမှာသာ ဖတ်ရှုလေ့လာသင်ယူခွင့်ရတဲ့ အကန့်အသတ်သဘောရှိနေသလိုမျိုးကြောင့်ရယ်၊ စာပေဘာသာရပ်တစ်ခုအဖြစ်နဲ့သာ သတ်မှတ်ပြီး ပညာရပ်နယ်ပယ်ကောင်းတစ်ခုရယ်လို့ ခံယူကျင့်သုံးနိုင်တဲ့ အခြေအနေတွေ နည်းပါးခဲ့တာတွေရယ်ကြောင့် တန်ဖိုးအလွန်ကြီးမြင့်တဲ့ ရတနာသိုက်ကြီးရှိနေပါလျက်နဲ့ မသိဘဲ ကျော်သွားရတဲ့ အနေအထားမျိုးပါ။ ဒီအချက်ကို ဆရာ ဒေါက်တာဝင်းအောင်က အခုလို 'ပန်းပျိုးလက်ငါးသွယ်' ဆိုတဲ့ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်း ဆက်နွှယ်သူတိုင်းအတွက် ပြုစုပျိုးထောင်ထားတဲ့ ပန်းကလေးအရောင်အသွေးစုံလင်စွာ လန်းဆန်းဝေဆာသင်းရနံ့ဖြာစေဖို့ သိအောင်ဖော်စားရမယ့် 'ရတနာသိုက်ကြီး' တစ်ခုအနေနဲ့ ဘာသာပြန်ရေးသားဖော်ထုတ်တင်ပြထားတဲ့အပေါ် မြန်မာ့ပညာရေးအနာဂတ်လှပရေးအတွက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုသင့်ပါကြောင်းနဲ့ အိမ်တိုင်း၊ ကျောင်းစာကြည့်တိုက်တိုင်းမှာ အရှိသင့်ဆုံး စာအုပ်ကောင်းတစ်အုပ်အဖြစ် ထားရှိ၊ ဖတ်ရှုလေ့လာကျင့်သုံးသင့်ပါကြောင်း။

ဒေါက်တာတင်မောင်ဝင်း
(တေဇ-ပညာရေးပါရဂူ)
၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်